# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 30 , 2023 Volume 69, Number 21


၃၀.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၇.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၆၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၈၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပုသိမ်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိ ဈေးကောင်းရရှိနေ



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပုသိမ်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်သီရိက ပြောပြ၍သိရသည်။

ပုသိမ်မြို့ ဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှ အာလူးများဝင်ရောက်လျက်ရှိပြီး ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀ ထိသာ ဈေးရှိခဲ့ပြီး ဩဂုတ်လ ၁ ရက်မှ ယနေ့ (ဩဂုတ်လ ၂၉) ရက်နေ့ထိ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခု ဈေးကွက်ထဲကို ရှမ်းပြည်နယ်ဘက်ကနေထွက်ရှိတဲ့ အာလူးတွေ ဝင်ရောက်နေပါတယ်။ ဝင်ရောက်လာတဲ့အာလူးတွေက လတ်ဆတ်မှုရှိပါတယ်။ အရည်အသွေးလဲကောင်းပါတယ်။ လက်ရှိအာလူးတွေက ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ပုသိမ်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သီရိကပြောပြသည်။ ပုသိမ်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့် အာလူးပွဲရုံများသို့ တစ်ရက်လျှင် အာလူးပိဿာချိန် ၅၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ ဈေးကောင်းရရှိလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ လုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၁-၈-၂၀၂၃ မှ ၂၅-၈-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၄၄၅၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၆၁၅၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၆၁၂၅၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၉၅၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၁၄၅၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၁၁၂၅၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၃၀ လုံး ( တန်ချိန် ၇၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရော်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရော်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲရော်(သစ်) AC ကျပ် ၁၂၀၀၀၊ မြွားနီ ကျပ် ၁၂၀၀၀၊ အိမ်မဲ ကျပ် ၁၁၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေး အသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရော်သီးဈေးများ ငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ရော်ရှည် အိတ်ပေါင်း ၂၀၀ (၄၀၀၀ ပိဿာ)နှင့် ရော်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရော်ရှည် အိတ်ပေါင်း ၂၂၀ (၄၄၀၀ ပိဿာ)နှင့် ရော်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရော်ရှည် အိတ်ပေါင်း ၂၀ (၄၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ပြီး ရော်ပုမှာ ယခင်အပတ်အတိုင်း အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၁၂၅၀၊ မန်ကျည်းအသား (သစ်) ကျပ် ၂၄၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၃၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၃၇၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၄၅၀၀၊ ကြံသကာ(စစ်)ကျပ် ၃၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၆၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၅၀ နှင့် ကြံသကာ(စစ်)ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ပခုက္ကူကြမ်း ကျပ် ၁၀၀၊ ရေစကြို ထန်းလျက် (ချော)ကျပ် ၅၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

**Source: Domestic(Ygn)-MITC**

## ၂၁-၈-၂၀၂၃ မှ ၂၅-၈-၂၀၂၃ အတွင်းဖြစ်ပေါ်ခဲ့သော ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကြက်သွန်နီနှင့်ကြက်သွန်ဖြူဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၃၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၀၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၀၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၅၀၀ ၊ မုံရွာရှယ် ကျပ် ၃၁၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၃၀၅၀ ၊ မုံရွာလတ်သန့် ကျပ် ၃၀၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၀၀၊ မုံရွာရှယ် ကျပ် ၂၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၅၀၊ မုံရွာလတ်သန့် ကျပ် ၁၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၀ စီး( ၅၄၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၆စီး (၅၇၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီ ကားစီးရေ ၆ စီး( ၃၆၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ

(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၈၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၈၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၉၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိပါသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၇၀၀ (၈၁၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခု အပတ်တွင်လည်း ကြက်သွန်ဖြူ အိတ် ၂၆၀၀ (၇၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၁၀၀ ( ၃၀၀၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: Domestic (Ygn)–MITC**

## အာလူးရှားပါးချိန် လက်လီဈေးကွက်တွင် တစ်ပိသာ ငွေကျပ် ၃၀၀၀ ကျော် ပေါက်ဈေးရှိလာ



အာလူးဈေးကွက်တွင် မေလပိုင်းကစိုက်ပျိုးသည့် မိုးကြိုအာလူးများရောင်းချနေပြီး ဇူလိုင်နှင့် ဩဂုတ်လသည် အာလူးရှားပါးချိန်ဖြစ်သောကြောင့် လက်လီဈေးကွက်တွင် တစ်ပိဿာ ငွေကျပ် ၃၀၀၀ ကျော်ပေါက်ဈေးရှိလာကြောင်း သိရသည်။

ပြည်တွင်းမှထွက်ရှိသော အာလူးသည် အရွယ်အစားနှင့်အရသာကောင်းမွန်သောကြောင့် အာလူးနှင့်ပတ်သက်သည့် စားသောက်ကုန်ထုတ်သူများက အဓိကဝယ်ယူကြသဖြင့် ဈေးကောင်းပြီး တရုတ်မှဝင်ရောက်လာသော အာလူးမှာ ပြည်တွင်းအာလူးထက် အရသာ ကောင်းမွန်ခြင်းမရှိ၍ စားဖိုချောင်သုံးသူများသာ ဝယ်ယူကြသည်ဟုဆိုသည်။

ရာသီဥတုနဲ့ပင်ညိုးရောဂါကြောင့် ပြည်တွင်းအာလူးအထွက်နှုန်းနည်းသလို အရွယ်ကြီးတဲ့အာလူးရှားတယ်။ ရှေ့လာမယ့် လမှာ ပိုစိုက်ကြမယ်။ ၇ လပိုင်းနဲ့ ၈ လပိုင်းက ရှားပါးချိန်ပါ။ ပြည်တွင်း အာလူးအထွက်နှုန်းနည်းပြီး ဝယ်လိုအား များတယ်။ ဈေးကွက်မှာက ရှမ်းပြည်တောင်ပိုင်းကထွက်တာတွေနဲ့ တရုတ်အာလူးတွေပါ။ ပြည်တွင်းမှာ အာလူးကို တစ်နှစ် ၃ ကြိမ် စိုက်ကြတယ်ဟု ပင်းတယမြို့မှ သီးနှံပွဲရုံတစ်ခုမှ ပြောသည်။

လက်လီဈေးကွက်တွင် အာလူးတစ်ပိဿာငွေကျပ် ၃၀၀၀ ဝန်းကျင်နှင့် တရုတ်မှဝင်ရောက်လာသော အာလူးမှာ တစ်ပိဿာ ငွေကျပ် ၂၅၀၀ ဝန်းကျင်ရှိရာ ပြည်တွင်း အာလူးဈေးကောင်းချိန်တွင် တရုတ်ဘက်မှ အာလူးများ ဝင်ရောက်လာလေ့ရှိပြီး ပြည်တွင်းအာလူးထွက်ရှိမှုနည်းချိန်၌ တရုတ်အာလူးများ ဈေးချိုစွာဝင်ရောက်လာခြင်းက စားသုံးသူအတွက် အဆင်ပြေကြောင်းသိရသည်။

"အခု ဩဂုတ်လမှာလည်း စိုက်ပြီးနေကြပြီ။ အောက်တိုဘာဆိုရင် လှိုင်လှိုင်ပေါ်တော့မယ်။ မတ်၊ ဧပြီ၊ မေနဲ့ဇွန်လတွေက အထွက်အများဆုံးချိန်ပဲ။ ခုရာသီမှာ ဖျက်ပိုးတွေကြောင့် အာလူးအထွက်နှုန်းနည်းတာရယ်၊ ခုမှ မိုးကြိုအာလူး အထွက်နည်းတာရယ်ကြောင့် ဈေးကွက်မှာလုံလောက်အောင်မဖြည့်နိုင်ဘူး။ ရှမ်းပြည်နယ်မှာ အများဆုံးစိုက်ပျိုးကြပြီး စက်တင်ဘာလကုန်နဲ့ အောက်တိုဘာမှာ အာလူးထွက်နှုန်းများလာမှာဖြစ်လို့ ဈေးကွက်လိုအပ်ချက်ကို ဖြည့်နိုင်မယ်ဟု အာလူးစိုက်ပျိုးသူများ အသင်းဝင်တစ်ဦးက ပြောသည်။

အာလူးစိုက်ပျိုးရာ၌ ပေါင်းသတ်ဆေး အလွန်အကျွံသုံးစွဲမှုကြောင့် အပင်အကျိုးပြု ဇက်တီးရီးယားပိုးများသေဆုံးပြီး အပင်ကိုပျက်စီးစေသော ဇက်တီးရီးယားများ ရှင်သန်ပေါက်ပွားစေသဖြင့် အလွန်အကျွံသုံးစွဲခြင်းမှ ရှောင်ကျဉ်ရန်နှင့် ပြည်တွင်းမှ အများအပြားထုတ်လုပ်ဖြန့်ချီနေသော သဘာဝမြေဩဇာများကို သုံးစွဲသင့်ကြောင်း ၎င်းက အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**


## ဆန်ပို့ကုန်ခွန်အသစ်ကြောင့် အိန္ဒိယဆန်တန်ချိန် ၅ သိန်း တင်ပို့မှုရွှေ့ဆိုင်း

အိန္ဒိယ၏ ပေါင်းဆန်တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်းစည်းကြပ်ရန် အစိုးရကပြဋ္ဌာန်းလိုက်သည့်အတွက် ဝယ်သူများနှင့် ရောင်းချသူများသည် ၎င်းပို့ကုန်ခွန် မပေးရအောင် ပေါင်းဆန် မက်ထရစ်တန် ၅၀၀၀၀၀ ခန့် တင်ပို့မှုကို အောက်တိုဘာ လလယ်နောက်ပိုင်းသို့ ရွှေ့ဆိုင်းလိုက်ကြသည်။

ဆန် ကမ္ဘာ့အများဆုံးတင်ပို့သည့် အိန္ဒိယထံမှ ဆန်တင်သွင်းနေသည့်နိုင်ငံများတွင် ပေါင်းဆန်လက်ကျန် လျော့နည်းသွားဖွယ်ရှိသည်။ အိန္ဒိယဆန်တင်သွင်းသည့် ဘီနင်၊ ဂါနာ၊ အိုင်ဗိုရီနှင့် လိုက်ဘေးရီးယားတို့တွင် ဆန်ဈေးခေါင်ခိုက်နေသည်။

အိန္ဒိယအစိုးရက ပြည်တွင်းကုန်ဈေးနှုန်းများ မြင့်တက်စေသည့် ဆန်ဈေးမြင့်တက်ခြင်းကိုထိန်းရန် ပြည်ပသို့ ဆန်တင်ပို့မှု လျော့ကျအောင် ပို့ကုန်ခွန် ၂၀% ကို ပေါင်းဆန်အပေါ် အောက်တိုဘာလ ၁၅ ရက်အထိ စည်းကြပ်မည်ဟု ဩဂုတ်လ ၂၅ ရက်တွင် ကြေညာခဲ့သည်။ "ဝယ်သူတွေက တင်ပို့ရမယ့်အချိန်ကို နောက်ဆုတ်လိုက်ကြတယ်။ ဘယ်သူကမှ အခွန်ပေးဆောင်ဖို့ ဆန္ဒမရှိဘူး"ဟု Satyam Balajee ပို့ကုန်လုပ်ငန်းမှ အမှုဆောင်ဒါရိုက်တာ Himanshu Agarwal က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ တန်ချိန် ၅၀၀,၀၀၀ ခန့် တင်ပို့မှုကို ရပ်ဆိုင်းထားလိုက်ကြောင်း ဆန်တင်ပို့သူများအသင်း Rice Exporters Association (REA) ဥက္ကဋ္ဌ B.V. Krishna Rao က ပြောကြားသည်။

အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များသည် ယခင်အပတ်က ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ပေါင်းဆန်ကို မက်ထရစ်တစ်တန်လျှင် ကန်ဒေါ်လာ ၄၅၀ – ၄၅၅ ဖြင့် ကမ်းလှမ်းခဲ့သည်။ ပို့ကုန်ခွန် ၂၀% စတင်စည်းကြပ်ပြီးနောက် ကန်ဒေါ်လာ ၅၂၀ – ၅၄၀ သို့ ဈေးတက်သွားသည်။ "ပို့ကုန်ခွန် မပြဋ္ဌာန်းခင်ကတည်းက ဝယ်လက်တွေက ဆန်ဈေးတက်နေလို့ မသက်မသာဖြစ်နေကြတယ်။ အာဖရိကနိုင်ငံတွေက လက်ရှိဈေးအမြင့်ကို ဝယ်ဖို့မတတ်နိုင်ကြဘူး"ဟု Rao က ပြောကြားသည်။




နွေစပါးပေါ်မည့် အောက်တိုဘာလကျမှ စပါးဈေးနှုန်းများ ဈေးကျမည်ဖြစ်ပြီး ပို့ကုန်ဆန် ဈေးနှုန်းများလည်း ဈေးကျမည်ဟု Rao က ပြောကြားသည်။

အိန္ဒိယသည် ၂၀၂၂ ခုနှစ်တွင် ဆန်တန်ချိန် ၂၂ ဒသမ ၂ သန်း စံချိန်တင် တင်ပို့ခဲ့ပြီး ယင်းတွင် ပြုတ်ဆန်တန်ချိန် ၇ ဒသမ ၄ သန်း ပါဝင်သည်။

ဆန်တင်ပို့သည့် ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့သည်လည်း လတ်တလော ရက်သတ္တပတ်များအတွင်း ဆန်ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

အာရှနှင့်အာဖရိကရှိ ဝင်ငွေနည်းစားသုံးသူများသည် ယခင်က ဆန်ကွဲ ၁၀၀ ရာခိုင်နှုန်းကို ရွေးချယ်ကြသည်။ ဆန်ကွဲတစ်တန်လျှင် ၃၂၅ ဒေါ်လာဖြင့် ရနိုင်သော်လည်း အိန္ဒိယသည် ယမန်နှစ်ကတည်းက ဆန်ကွဲတင်ပို့မှုကို တားမြစ်ခဲ့သည်။

ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းကိုတင်ပို့သည့် အိန္ဒိယသည် ဆန်တင်ပို့မှုအများဆုံး အမျိုးအစားဖြစ်သည့် ဘာစမာတီမဟုတ်သော ဆန်ဖြူကို ဇူလိုင်လတွင် ပြည်ပတင်ပို့မှုရပ်ဆိုင်းရန် အမိန့်ထုတ်ခဲ့သည်။ ကမ္ဘာ့ဆန်ဈေးနှုန်းများ မြင့်တက်သွားစေခဲ့သည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6773-asia-rice.html

## တရုတ်နိုင်ငံတွင် ပြည်ပမှတင်သွင်းလာသည့် ကုန်ပစ္စည်းများကို သုံးစွဲမှုပိုမိုမြင့်တက်လာ

တရုတ်နိုင်ငံ၏ နယ်စပ်ဖြတ်ကျော် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာမှုကြောင့် စားသုံးသူများသည် ပြည်ပမှတင်သွင်းသော နိုင်ငံခြားအမှတ်တံဆိပ် ကုန်ပစ္စည်းများကို ဝယ်ယူမှုမြင့်တက်လာခြင်းသည် စားသုံးမှုမြှင့်တင်ခြင်းအတွက် အဓိကမောင်းနှင်အားဖြစ်လာကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှမေလအထိ တရုတ်နိုင်ငံ၏ e-commerce ကုမ္ပဏီကြီးဖြစ်သည့် JD ၏ အွန်လိုင်းဈေးကွက်တွင် ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများ ရောင်းချမှုသည် ၂၀၂၀ ပြည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက (၅၀) ရာခိုင်နှုန်း တိုးလာပြီး တင်သွင်းသည့် ကုန်ပစ္စည်းအမျိုးအစား များမှာလည်း (၁၁၄) ရာခိုင်နှုန်း တိုးလာကြောင်း JD ၏ အစီရင်ခံစာအရ သိရှိရပါသည်။

ပြည်ပမှတင်သွင်းသည့် လူသုံးကုန်ပစ္စည်းများ၊ အလှကုန်နှင့်အသားအရေထိန်းသိမ်းသည့်ပစ္စည်းများ၊ အစားအသောက်နှင့် အဖျော်ယမကာများ၊ ကိုယ်ဝန်ဆောင်နှင့်ကလေးပစ္စည်းများသည် တရုတ်စားသုံးသူများ အနှစ်သက်ဆုံး ကုန်ပစ္စည်းအမျိုးအစားများဖြစ်သည်ဟု အစီရင်ခံစာက ဖော်ပြထားကြောင်း သိရှိရပါသည်။

အသက် (၂၆) နှစ်မှ (၃၅) နှစ်ကြားရှိသူများသည် သွင်းကုန်ပစ္စည်းများကို အဓိကသုံးစွဲသူများဖြစ်ပြီး ဝယ်ယူသူစုစုပေါင်း၏ (၄၅) ရာခိုင်နှုန်းရှိကြောင်း၊ အသက် (၄၆) နှစ်မှ (၅၅) နှစ်ကြားရှိ စားသုံးသူများသည်လည်း ပြည်ပသွင်းကုန်များကို ပိုမိုဝယ်ယူလာကြကြောင်း သိရှိရပါသည်။ ပထမအဆင့်မြို့ကြီးများတွင် နေထိုင်သူများသည် သွင်းကုန်ပစ္စည်းများကို အဓိကဝယ်ယူသူများဖြစ်လာသော်လည်း နယ်မြို့များရှိ စားသုံးသူများသည်လည်း သွင်းကုန်ပစ္စည်းများကို ဝယ်ယူရန် စိတ်ဝင်စားမှုတိုးလာကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ လူသုံးကုန်ပစ္စည်းများ တင်သွင်းမှုသည် ၂၀၂၂ ခုနှစ်တွင် ယွမ် (၁.၉၃) ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၆၃.၈ ဘီလီယံ) အထိ ရောက်ရှိခဲ့ပြီး သွင်းကုန်စုစုပေါင်း၏ (၁၁) ရာခိုင်နှုန်းနှင့် ၂၀၁၂ ခုနှစ် ပမာဏထက် နှစ်ဆပိုများကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရှိရပါသည်။

နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးသည် ကုန်ပစ္စည်းများရောင်းချမှု မြင့်တက်လာစေရေး၊ လုပ်ငန်းပုံစံသစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စားသုံးမှုပြန်လည်ကောင်းမွန်လာစေရေးတို့အတွက် ဆောင်ရွက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း သိရှိရပါသည်။

Amazon China Global Store နှင့် Prime ၏ အကြီးအကဲ Li Yanchuan က ၁၉၉၀ ပြည့်နှစ်များနှင့် ၂၀၀၀ ပြည့်နှစ် အလယ်ပိုင်းတွင် မွေးဖွားသော တရုတ်စားသုံးသူလူငယ်များသည် အမှတ်တံဆိပ်များ ရွေးချယ်ရာတွင် လွတ်လပ်စွာ တွေးတောဆင်ခြင်သုံးသပ်ကာ သီးသန့်နေထိုင်မှုပုံစံများနှင့် အထူးပြုလုပ်ထားသော ထုတ်ကုန်များကို သုံးစွဲလိုကြောင်း ပြောကြားခဲ့ပါသည်။

ငါးဖမ်းခြင်း၊ နှင်းလျှောစီးခြင်း၊ စခန်းချခြင်းနှင့် အခြားသော ပြင်ပအားကစားပစ္စည်းများ ရောင်းချခြင်းတို့သည် လျင်မြန်စွာ တိုးတက်လာသည်ကို မြင်တွေ့ရပြီး virtual reality ပစ္စည်းများ၊ လက်ဖျော်ကော်ဖီထုတ်ကုန်များ၊ ပန်းကန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများသည် မကြာသေးမီနှစ်များအတွင်း တရုတ်ဈေးဝယ်သူများ၏ နှစ်သက်မှုကိုရရှိခဲ့ကြောင်း သိရှိရပါသည်။

အွန်လိုင်းမှတစ်ဆင့်နယ်စပ်ဖြတ်ကျော် ဈေးဝယ်မှုများကို ပထမအဆင့်မြို့များတွင် အဓိကထား၍ မှာယူနေကြသော်လည်း ဒုတိယအဆင့်နှင့်တတိယအဆင့်မြို့များတွင် နေထိုင်သူများသည်လည်း ဝယ်နိုင်စွမ်းအား လျင်မြန်စွာ တိုးတက်လာလျက်ရှိကြောင်း သိရှိရပါသည်။

ပြည်တွင်းဝယ်လိုအားကိုတိုးချဲ့ခြင်းနှင့် လက်လီရောင်းချမှုနည်းပညာများ တိုးတက်လာခြင်းတို့နှင့်အတူ တရုတ်နိုင်ငံသည် သွင်းကုန်ခွန်လျှော့ချခြင်းနှင့် တင်သွင်းခွင့်ပြုသည့်ကုန်ပစ္စည်းစာရင်းကို တိုးချဲ့ခြင်းကဲ့သို့သော ဦးစားပေးမူဝါဒများကို ချမှတ်ခဲ့ကြောင်း Deloitte အာရှ-ပစိဖိတ် လူသုံးကုန်ပစ္စည်းများနှင့် လက်လီလုပ်ငန်းဆိုင်ရာ အကြီးအကဲ Zhang Tianbing က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပြည်ပကုန်ပစ္စည်း အမှတ်တံဆိပ်များသည် ကိုဗစ်-၁၉ ရောဂါကြောင့် အော့ဖ်လိုင်းလက်လီရောင်းချမှုတွင် အနှောင့်အယှက်များကြုံတွေ့ခဲ့ရသဖြင့် ၎င်းတို့၏ဖြန့်ဖြူးရေးလမ်းကြောင်းများကို နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး ပလပ်ဖောင်းများသို့ တိုးချဲ့ဆောင်ရွက်နေကြကြောင်း သိရှိရပါသည်။

**Source:** www.chinadaily.com.cn/a/202308/23/WS64e55903a31035260b81db29.html

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_300820231030

## တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံမှ ရေထွက်ကုန်ပစ္စည်း တင်သွင်းမှုအားလုံးကို ရပ်ဆိုင်းလိုက်ပြီဖြစ်

တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံမှထွက်ရှိသော ရေထွက်ပစ္စည်းအားလုံးကို တင်သွင်းမှုဆိုင်းငံ့ထားပြီး ၎င်း၏ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူ့ကျန်းမာရေးကို ကာကွယ်ရန်အတွက် ဂျပန်နိုင်ငံ၏ ရေဒီယိုသတ္တိကြွရေများကို သမုဒ္ဒရာထဲသို့ စွန့်ပစ်ခြင်း၏ အကျိုးသက်ရောက်မှုများကို အနီးကပ်စောင့်ကြည့်ခြေရာခံပြီး အကဲဖြတ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံသည် Fukushima Daiichi Nuclear ဓာတ်အားပေးစက်ရုံမှ ညစ်ညမ်းသောရေများကို ပစိဖိတ်သမုဒ္ဒရာထဲသို့ စတင်ထုတ်လွှတ်လိုက်သည့်နောက် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်ရက်နေ့တွင် အဆိုပါဆိုင်းငံ့မှုမှာ အသက်ဝင်ခဲ့ကြောင်း တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs –GACC) က ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့စွန့်ထုတ်မှုကြောင့် တရုတ်နိုင်ငံသို့တင်ပို့နေသည့် ဂျပန်ရေထွက်ပစ္စည်းများတွင် ရေဒီယိုသတ္တိကြွမှုအန္တရာယ်နှင့် ပတ်သက်၍ အလွန်စိုးရိမ်ပူပန်မိကြောင်း GACC မှ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်းများအပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Agreement on the Application of Sanitary and Phytosanitary Measures တို့အရ တရုတ်အကောက်ခွန်အာဏာပိုင်များသည် ဂျပန်နိုင်ငံမှတင်ပို့သည့် ရေထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ထိန်းချုပ်မှု အစီအမံများကို တိုးမြှင့်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းမှာပင် ဟောင်ကောင်နှင့်မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသများသည် တိုကျို၊ ဖူကူရှီးမားနှင့် ချီဘာအပါအဝင် ဂျပန်စီရင်စု (၁၀) ခုမှ ရေထွက်ကုန်များအပေါ် သီးခြားတားမြစ်ပိတ်ပင်မှုများကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ ယင်းနေ့၌ပင် ဂျပန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Wu Jianghao က ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Masataka Okano အား အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြင်းထန်စွာ ကန့်ကွက်ခဲ့ကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ ရေရှည်သာယာရေးထက် ၎င်း၏ကိုယ်ပိုင်အကျိုးစီးပွားကို ဦးစားပေးလျက်ရှိကြောင်း၊ တစ်ကိုယ်ကောင်းဆန်ပြီး တာဝန်မဲ့သောအပြုအမူကို ချက်ချင်းရပ်တန့်ရန် တရုတ်နိုင်ငံက တောင်းဆိုခဲ့သည်ဟု Wu က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်အစိုးရသည် ပြည်သူများကို ပထမဦးစားပေးအဖြစ်သတ်မှတ်ထားပြီး အစားအသောက်ဘေးကင်းရေးနှင့် ပြည်သူ့ကျန်းမာရေးကို ကာကွယ်ရန်လိုအပ်သော အစီအမံအားလုံး ကို ဆောင်ရွက်သွားမည်ဟု ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Ms. Shu Jueting က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဂျပန်ဝန်ကြီးချုပ် Fumio Kishida က ရေဒီယိုသတ္တိကြွရေ မက်ထရစ်တန် (၁) သန်းကျော်ကို သမုဒ္ဒရာထဲသို့ တဖြည်းဖြည်း စွန့်ပစ်မည့် အစီအစဉ်အတွက် နောက်ဆုံးလုပ်ငန်းစဉ်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ဆက်လက်လုပ်ဆောင်ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် အဆိုပါကိစ္စနှင့်ပတ်သက်၍ ဂျပန်နိုင်ငံအား ၎င်း၏ဆောင်ရွက်မှုများကိုရပ်တန့်ရန် အလေးအနက် တောင်းဆိုခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ထပ်လောင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ထို့အတူ ပစိဖိတ်ဒေါင်းဆောင်အချို့ကလည်း ဂျပန်နိုင်ငံ၏လုပ်ရပ်ကို ရှုတ်ချခဲ့ကြကြောင်း သိရှိရပါသည်။

**Source:** www.chinadaily.com.cn/a/202308/24/WS64e77571a31035260b81e156.html

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_290820230410

## အိန္ဒိယနိုင်ငံတွင် ယခုနှစ် နွေရာသီစိုက်ပျိုးချိန်၌ စပါးစိုက်ဧက ၄ ဒသမ ၄ ရာခိုင်နှုန်းတိုးလာပြီး ပဲမျိုးစုံ စိုက်ဧက ၈ ဒသမ ၃ ရာခိုင်နှုန်းကျဆင်း

အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်နှင့် ကာနတာကာပြည်နယ်တို့တွင် စပါးစိုက်ပျိုးမှုကျဆင်းသော်လည်း လက်ရှိအချိန်အထိ နွေရာသီစိုက်ပျိုးမှုတွင် စပါးစိုက်ပျိုးမှုမှာ ဟက်တာ ၃၈၄.၀၅ သိန်းရှိပြီး ၄.၄ ရာခိုင်နှုန်းတိုးလာပါကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးမှုမှာ ဩဂုတ်လ ၂၅ ရက်နေ့အထိ စိုက်ဧက ၁၁၇.၄၄ သိန်းသာရှိပြီး ယခင်နှစ်ဟက်တာ ၁၂၈.၀၇ သိန်းနှင့်နှိုင်းယှဉ်ပါက ၈.၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊အထူးသဖြင့် ပဲစဉ်းငုံ၊မတ်ပဲနှင့် ပဲတီစိမ်းစိုက်ဧကများကျဆင်းခဲ့သည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ သိရှိရကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

နွေစိုက်ပျိုးချိန်(Kharif)ရာသီသည် မျိုးစေ့ကြဲခြင်းစတင်သည့် အနောက်တောင်မုတ်သုံလေစတင်ချိန် ဇွန်လမှစတင်ပြီး အောက်တိုဘာလတွင် ရိတ်သိမ်းမှုများဆောင်ရွက်သည့်အချိန်ထိဖြစ်ပါသည်။ ယခုရာသီတွင် စပါးသည် စုစုပေါင်း စပါးထွက်ရှိနိုင်မှု၏ ၈၀ ရာခိုင်နှုန်းကျော်ကို စိုက်ပျိုးထားသည့် အဓိကသီးနှံဖြစ်ပါကြောင်း၊ စပါးစိုက်ဧကမှာ ဩဂုတ်လ ၂၅ ရက်နေ့အထိ ဟက်တာ ၃၈၄.၀၅ သိန်းရှိပြီး ယခင်နှစ်ကာလတူတွင် စိုက်ပျိုးနိုင်မှုဟက်တာ ၃၆၇.၈၃ သိန်းထက် ပိုမို စိုက်ပျိုးထားပါကြောင်း၊ ဘီဟာပြည်နယ်တွင် စပါးစိုက်ပျိုးဧကအများဆုံးတိုးလာသကဲ့သို့ ချူဟတစ်ဂါရ်ပြည်နယ်နှင့် တီလန်ဂါနာပြည်နယ်တို့တွင်လည်း စိုက်ဧကများတိုးမြှင့်စိုက်ပျိုးခဲ့သည်ဟု သိရှိရပါကြောင်း၊ သို့ရာတွင် ကာနာတာကာပြည်နယ်နှင့် အင်ဒရာပရာဒေ့ရှ်ပြည်နယ်တို့တွင် စပါးစိုက်ဧကများကျဆင်းခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ နှံစားသီးနှံစိုက်ပျိုးမှုမှာ ပြီးခဲ့သည့်နှစ်တွင် ဟက်တာ ၁၇၆.၃၁ သိန်းရှိခဲ့ပြီး ယခုနှစ် နွေသီးနှံစိုက်ပျိုးမှုတွင် ဟက်တာ ၁၇၈.၃၃ သိန်းအထိ စိုက်ပျိုးထားသဖြင့် အနည်းငယ်တိုးလာပါကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှုမှာ ဟက်တာ ၁၈၈.၅၈ သိန်းသာရှိသဖြင့် ယခင်နှစ်စိုက်ပျိုးမှုဟက်တာ ၁၉၀.၃၈ သိန်းနှင့်နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းသွားပါကြောင်း၊ ကြံစိုက်ဧရိယာသည် ဩဂုတ်လ ၂၅ ရက်အထိ ဟက်တာ ၅၆.၀၆ သိန်းစိုက်ပျိုးထားပြီး ယခင်နှစ် စိုက်ပျိုးမှုဟက်တာ ၅၅.၅၉ သိန်းနှင့်နှိုင်းယှဉ်ပါက အနည်းငယ်မြင့်တက်ခဲ့ပါကြောင်း၊ ဝါဂွမ်းနှင့် ဂုန်လျှော်စိုက်ပျိုးမှုမှာလည်း ဟက်တာ ၁၂၂.၅၆ သိန်းနှင့် ဟက်တာ ၆.၅၆ သိန်းသာ စိုက်ပျိုးနိုင်သဖြင့် ယခင်နှစ်စိုက်ပျိုးမှုဧကထက် အနည်းငယ်ကျဆင်းသွားကြောင်းနှင့် စုစုပေါင်းနွေရာသီစိုက်ပျိုးချိန် စိုက်ဧကမှာ ဩဂုတ်လ ၂၅ ရက်အထိ ဟက်တာပေါင်း ၁,၀၅၃.၅၉ သိန်းစိုက်ပျိုးထားနိုင်သဖြင့် ယခင်နှစ် စိုက်ပျိုးမှုဟတ်တာပေါင်း ၁၀၄၉.၉၆ သိန်းနှင့်နှိုင်းယှဉ်လျှင် ပိုများခဲ့ကြောင်း သိရှိရပါ သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ယခုနှစ်နွေရာသီ(Kharif)စိုက်ပျိုးရေးကာလတွင် စပါးကို ပိုမိုစိုက်ပျိုးထားနိုင်သော်လည်း မြန်မာနိုင်ငံမှ အဓိကတင်ပို့နေသည့် ပဲစဉ်းငုံ၊ မတ်ပဲနှင့်ပဲတီစိမ်းစိုက်ဧကများ လျော့နည်းလျက်ရှိမှုအခြေအနေကို သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

**Source: Area under paddy up 44.pc, pulses down 8.3 pc this kharif season: Govt,The Economic Times, 25 August 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)%20_29082023%20_12:32

## STOCK EXCHANGE (30.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,387 (Shares) | 22,038,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | -100 | -1.05% | 9,500 | 9,500 | 9,400 | 916 | 8,613,700 | 33,109,694 | 311,231 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 1,672 | 5,332,850 | 38,929,150 | 124,573 |
| MCB | 00003 | 8,000 | +100 | +1.27% | 8,000 | 8,000 | 8,000 | 66 | 528,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,506 | 2,497,100 | 29,664,613 | 50,430 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 10 | 24,500 | 12,823,224 | 31,417 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,350 | 2,350 | 2,250 | 642 | 1,475,550 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,800 | 4,900 | 4,800 | 201 | 984,800 | 10,497,598 | 51,438 |
| MAEX | 00008 | 1,900 | +50 | +2.70% | 1,850 | 1,900 | 1,800 | 1,374 | 2,582,400 | 23,804,946 | 45,229 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 30th Aug. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.17 | -0.57 | -0.14% | 394.24 | 394.24 | 391.11 | 6,387 | 22,038,900 | 8 | 743,474 |

### Index chart




YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever n Quick link Notice Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 30th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 6,387 (Shares) | 22,038,900 (MMK) |

### Main Board

As of 1:00 pm, 30th Aug. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,387 (Shares) | 22,038,900 (MMK) |

| MYANPIX | 394.17 ▼0.57 |
|---|---|
| Total Volume (shares) | 6,387 |
| Total Value (MMK) | 22 mil |
| Listed Company | 8 |
| Market Cap. (MMK) | 743,474 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▼ 100 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 50 |